လေးစားအပ်ပါသော မိဘများနှင့် အုပ်ထိန်းသူများ ခင်ဗျား/ရှင့်

**မသန်စွမ်း ကျောင်းသူ/ကျောင်းသားများဆိုင်ရာ အချက်အလက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တပြေးညီ ကောက်ယူခြင်း**

**Re: Nationally Consistent Collection of Data on School Students with Disability (NCCD)**

ဩစတြေးလျနိုင်ငံရှိ ကျောင်းအားလုံးသည် မသန်စွမ်း ကျောင်းသူ/ကျောင်းသားများဆိုင်ရာ အချက်အလက်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တပြေးညီ ကောက်ယူခြင်း (Nationally Consistent Collection of Data on School Students with Disability (NCCD))တွင် နှစ်စဉ်နှစ်တိုင်း ပါဝင်ကြသည်။ NCCD လုပ်ငန်းစဉ်အရ ကျောင်းများအနေဖြင့် မသန်စွမ်းကျောင်းသူ/ကျောင်းသားများအား ပံ့ပိုးထားသည့် အကူအညီများနှင့်ပတ်သက်၍ ကျောင်းတွင် အသင့်ရရှိနိုင်သည့် သတင်းအချက်အလက်များကို ထုတ်ဖော်ရန် လိုအပ်ပါသည်။ NCCD လမ်းညွှန်ချက်များအရ ဤအချက်အလက်များသည် ၁၉၉၂ ခုနှစ် မသန်စွမ်းသူများအား ခွဲခြားဆက်ဆံမှုဆိုင်ရာ အက်ဥပဒေ (Disability Discrimination Act 1992) နှင့် ၂၀၀၅ ခုနှစ် ပညာရေးအတွက် မသန်စွမ်းသူများဆိုင်ရာ စံသတ်မှတ်ချက်များ (Standards for Education 2005) ပါ ဥပဒေ ပြဋ္ဌာန်းချက်များတွင် အကျုံးဝင်ပါသည်။

NCCD အတွက် ဩစတြေးလျအစိုးရထံ ပေးပို့ထားသော ကျောင်းသူ/ကျောင်းသားများ၏ အချက်အလက်များတွင် အောက်ပါအချက်များ ပါဝင်သည် -

- ကျောင်းပညာသင်နှစ်
- မသန်စွမ်းမှုအမျိုးအစား - ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ အမြင်အာရုံ မသန်စွမ်းမှု၊ စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ အာရုံခံစားမှု သို့မဟုတ် လူမှုရေး/စိတ်ခံစားမှုဆိုင်ရာ မသန်စွမ်းမှု
- အလိုက်သင့် ပြုမူနေထိုင်နိုင်ရေးအတွက် ကူညီထောက်ပံ့ပေးမှု အတိုင်းအတာ

ကျောင်းများအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် ဤအချက်အလက်များက အထောက်အကူ ပြုပါသည် -

- ကျောင်းများရှိ မသန်စွမ်း ကျောင်းသူ/ကျောင်းသားများကို ပံ့ပိုးထားသော အကူအညီများနှင့် အလိုက်သင့် ပြုမူနေထိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားပေးမှုများကို တရားဝင် အသိအမှတ် ပြုခြင်း
- ကျောင်းများရှိ မသန်စွမ်း ကျောင်းသူ/ကျောင်းသားများအတွက် ပံ့ပိုးကူညီမှု တိုးမြှင့်နိုင်မည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်ခြင်း
- မသန်စွမ်း ကျောင်းသူ/ကျောင်းသားများ၏ ပညာရေးရလဒ်များ တိုးတက်လာစေရန် ဆရာ/ဆရာမများက ၎င်းတို့၏ သင်ကြားရေး အစီအစဉ်များကို ပြန်လည်သုံးသပ်နိုင်ရေးအတွက် ဆရာ/ဆရာမများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း

မသန်စွမ်း ကျောင်းသူ/ကျောင်းသားများအတွက် အကူအညီများ ပိုမိုကျယ်ပြန့်စွာ ပေးအပ်နိုင်ရေး စီစဉ်ရန်လိုအပ်သည့် သတင်းအချက်အလက်များအား NCCD က ပြည်နယ်နှင့် ပြည်ထောင်စု အစိုးရများထံ ပေးအပ်လျက်ရှိသည်။

NCCD သည် သင့်ကလေးအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိမည်မဟုတ်ဘဲ သင့်ကလေးအနေဖြင့် မည်သည့် စမ်းသပ်မှု လုပ်ငန်းစဉ်တွင်မျှ ပါဝင်ရန် မလိုအပ်ပါ။ ကျောင်းသူ/ကျောင်းသားတစ်ဦးချင်းစီအား မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ခြင်း မပြုနိုင်စေရန် ၎င်းတို့အားလုံး၏ ကိုယ်ရေးအချက်အလက်များနှင့် လျှို့ဝှက်ချက်များကို သေချာကိုင်တွယ်ဆောင်ရွက်သည့် နည်းဖြင့် ကျောင်းများက ဒေတာအချက်အလက်များကို ဩစတြေးလျ အစိုးရထံ ပေးပို့သွားမည် ဖြစ်သည်။ ကိုယ်ရေးအချက်အလက်များကို ရယူစုဆောင်းခြင်း၊ သိမ်းဆည်းထားခြင်းနှင့် ထုတ်ဖော်အသိပေးခြင်းတို့ကို ကြပ်မတ်သည့် ကိုယ်ရေးကိုယ်တာဆိုင်ရာ ဥပဒေများက  သတင်းအချက်အလက်အားလုံးကို အကာအကွယ် ပေးထားသည်။ ဤကိစ္စများနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက ဩစတြေးလျအစိုးရ၏ ကိုယ်ရေးကိုယ်တာ မူဝါဒ (Australian Government's Privacy Policy) ကို https://www.education.gov.au/privacy-policy ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုပါ။

NCCD နှင့်ပတ်သက်သော အချက်အလက်များကို ထပ်မံသိရှိလိုပါက NCCD Portal (https://www.nccd.edu.au) ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

NCCD နှင့်ပတ်သက်၍ မေးမြန်းစရာများရှိပါက သက်ဆိုင်ရာ ကျောင်းသို့ ဆက်သွယ်ပါ။

ဤသို့ မေးမြန်းရာတွင် သင့်အား ကူညီရန် စကားပြန် လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆို၍ သင့်ဘာသာစကားကို ပြောတတ်သော စကားပြန်တစ်ယောက် တောင်းခံပါ။ သင်ခေါ်ဆိုလိုသော ဖုန်းနံပါတ်ကို အော်ပရေတာအား ပြောပြပါ။ သင်စကားပြောရာတွင် ကူညီရန် အော်ပရေတာက ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် သင်ထံမှ အခကြေးငွေ ကောက်ခံမည်မဟုတ်ပါ။

လေးစားမှုဖြင့်

ကျောင်းအုပ်ကြီး

မှတ်ချက်- ဤစာကို ဘာသာပြန်ဆိုခြင်းအတွက် NSW ပညာရေးဌာနတွင် တာဝန်ရှိပါသည်။ ဌာနအနေဖြင့် မူရင်းစာအား အနည်းငယ် အပြောင်းအလဲ ပြုလုပ်ထားပါသည်။ အဆိုပါ ပြောင်းလဲမှုများတွင် လိုအပ်သည့် နေရာများ၌  ရိုးရှင်းသည့် ဘာသာစကားကို အသုံးပြုထားခြင်းနှင့် သတင်းအချက်အလက်များ ထပ်မံသိရှိရန် လိုအပ်လျှင် ကျောင်းသို့ဆက်သွယ်နိုင်ရန် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုကို အသုံးပြုပုံအကြောင်း စာတစ်ပိုဒ် ထည့်သွင်းထားခြင်းတို့ ပါဝင်သည်။

Burmese

ဩစတြေးလျအစိုးရ ပညာရေးဌာနက ပံ့ပိုးကူညီထားပါသည်။

သီးခြားဖော်ပြချက်များ မပါရှိလျှင် မူပိုင်ခွင့် ရှိသူမှာ ©2022 Education Services Australia Ltd ဖြစ်ပါသည်။
သီးခြားဖော်ပြချက်များ မပါရှိလျှင် မူပိုင်ခွင့် ရှိသူမှာ Creative Common BY 4.0 ဖြစ်ပါသည်။

Education Services Australia

Australian Government